# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 27 , 2026 Volume 98, Number 18


၂၇. ၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၉၃.၂၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၅.၄၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၇၄.၅၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၃.၄၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၁.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၅ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၂ ကြိမ်မြောက် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကျင်းပမည်




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၂ ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်း အရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်အတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ဖေဖော်ဝါရီ ၁၄ ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများအတွက် ပြည်သူလူထုစိတ်ပါဝင်စားလာစေရန်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြေရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားနိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်းတစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်(၅)ချက်ဖြင့်နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် ၂၂ ကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် မြို့တော်ဝန်ဖလားဟင်းသီး ဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲနှင့်အတူမြမာလာဥယျာဉ်အတွင်း၌ မြို့တော်သူမြို့တော်သားများ လာရောက်အပန်းဖြေနိုင်

ရန် သစ်သီး၊ဝလံ၊ ပန်းမန် ကိုယ်စားပြုပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီး ၃ ခုကို ပြုလုပ်ထားပြီး အလှဓာတ်ပုံရိုက်ကူးရန် နေရာများကိုလည်း ပြင်ဆင်ပေးထားကြောင်းနှင့် ဌာနဆိုင်ရာပြခန်း ၁၆ ခန်း၊ အရောင်းပြခန်း ၇ ခန်း၊ မျိုးပင်အရောင်းဆိုင် ၁၈ ဆိုင်တို့ ပါဝင်ခင်းကျင်းပြသသွားပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သည့် မိတ်ပြည်သူများကို မျိုးပင်များလက်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ သိရသည်။

ယခုနှစ်ပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြိုင်ပွဲ အမျိုးအစား ၂၄ မျိုးကိုကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားလိုက် ပထမဆု ငွေကျပ် ၃၀၀,၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၀၀,၀၀၀၊ တတိယဆု ငွေကျပ် ၁၅၀,၀၀၀၊ နှစ်သိမ့်ဆု ငွေကျပ် ၅၀၀၀၀ စီချီးမြှင့်မည်ဖြစ်ပြီး ဆုအများဆုံးရရှိသည့် ပြိုင်ပွဲဝင်ကို တံခွန်စိုက်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်များအနေဖြင့် ၁၀-၂-၂၀၂၆ မှ ၁၁-၂-၂၀၂၆ ရက်နေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး၊ အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

**Source : မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၉-၁-၂၀၂၆ မှ ၂၂-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၂,၇၆၃,၀၀၀၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၃,၀၅၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂,၇၇၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၉၇,၀၀၀ ၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၁၀၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၅၀,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၁၆၀ လုံး (တန်ချိန် ၃၈၄၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၃၅ လုံး(တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၁၉၅လုံး (တန်ချိန် ၄၆၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၃၅ လုံး(တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၉,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၉,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၆,၅၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၈,၀၀၀ နှင့် ဇီးပွပု(သစ်) ကျပ် ၂၃,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆင်ဖြူကျွန်း (ပု) ကျပ် ၁၀၀၀ နှင့် ဇီးပွပု(သစ်)ကျပ် ၂,၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၂၂၀၀ (၄၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း၅၇၀(၈,၅၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀၀(၂၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၄၂၀ (၆,၃၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၇၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၀၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ထန်းလျက်၊ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၉-၁-၂၀၂၆ မှ ၂၂-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၃၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၃၂၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၃၃၅၀ ၊ မြင်းခြံလတ်သန့် ကျပ် ၃၀၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၆၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၇၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၈၅၀ ၊ မြင်းခြံလတ်သန့် ကျပ် ၉၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၃၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၄ စီး(၇၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၅ စီး (၈၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၁ စီး (၁၂,၆၀၀ ပိဿာ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၂၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၈၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၁၃၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၁၃၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၁၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၄၁၀၀ (၁၂၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၁၆၉၅ (၅၀,၈၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၂၄၀၅ (၇၂,၁၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၃၅၀၀၊ အောင်ပန်း OK ကျပ် ၄၅၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀၊ အောင်ပန်း S2 ကျပ်

၆၀၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း S1 ကျပ် ၅၀၀၊ အောင်ပန်း S2 ကျပ် ၁၀၀၀ နှင့် တရုတ်အာလူး ကျပ် ၁၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၂၆ စီး (၁၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူး ကားစီးရေ ၃၈ စီး (၂၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး (၇၂,၀၀၀ ပိဿာ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရာသီစာထမနဲ အွန်လိုင်းဈေးကွက်အတွင်း အမှာများပြီး အရောင်းသွက်နေ




တပို့တွဲလထဲ ရောက်လာသည်နှင့် အွန်လိုင်းဈေးကွက်အတွင်းမှာ ရာသီစာ ထမနဲ မှာယူစားသုံးသူများလာပြီး အရောင်းအဝယ်ဖြစ်နေကြောင်း နေပြည်တော်ရှိ ထမနဲရောင်းချသူများထံက သိရပါတယ်။

"အခုလိုတပို့တွဲလထဲရောက်လာပြီဆိုရင် ရာသီစာထမနဲအမှာတွေအများကြီး ရှိလာတယ်။ အခုလည်း နေ့စဉ် ထမနဲတစ်ခုထဲ အဓိကရောင်းနေရတယ်။ အပြင်မှာ ရောင်းတဲ့သူရှိပေမဲ့လည်း အွန်လိုင်းဈေးသည်တွေဆီကနေ ဖုန်းနဲ့မှာလိုက်ရင် အိမ်တိုင်ရာရောက်ဆိုတော့ ပိုအဆင်ပြေတာပေါ့။ အဲဒါကြောင့် အွန်လိုင်းကမှာတဲ့သူများလာတာ"လို့ အွန်လိုင်းကနေ စားသောက်ကုန်ရောင်းချသူတစ်ဦးက ပြောပါတယ်။

တပို့တွဲလဟာ ထမနဲထိုးသည့်လရာသီဖြစ်ပြီး၊ ထမနဲထိုးပြိုင်ပွဲများပြုလုပ်သည့် လရာသီတစ်ခုဖြစ်သည့်အလျောက် မြန်မာအများစုမှာ တပို့တွဲလရာသီရောက်သည်နှင့် ထမနဲအား ဘုရားတင်ဆွမ်းတော်ကပ်လှူခြင်း၊ ဘုန်းတော်ကြီးကျောင်းများရှိ ဥပုသ်သီတင်းစောင့်သူများအားထမနဲဆွမ်းလှူခြင်းနဲ့ရပ်ထဲရွာထဲထမနဲဝေငှ၍ကုသိုလ်ပြုခြင်းများပြုလုပ်ကြလေ့ရှိပါတယ်။

အခုနောက်ပိုင်းတွင် ထမနဲအား အိမ်တွင်ကိုယ်တိုင်ထိုးခြင်းထက် ထမနဲထိုးရောင်းသူများထံမှ အလွယ်တကူမှာယူကြသူများလာခြင်းကြောင့် ထမနဲထိုးရောင်းသူများအနေဖြင့် ယခုကာလတွင် အလုပ်ဖြစ်လေ့ရှိကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## ရေကြည်မြို့နယ်၌ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီးအရောင်းအဝယ် ကောင်းမွန်နေ



ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်းရေကြည်မြို့နယ်၌ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ရေကြည်မြို့နယ်၌၂၀၂၆ ခုနှစ်၊ဇန်နဝါရီလပထမပတ်မှစတင်ကာ ကြက်ဟင်းခါးသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဒေသမှ ထွက်ရှိသည့် ရောင်းတမ်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင်အလုံးရေ ၄၀,၀၀၀ မှ ၅၀,၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။လက်ရှိဒေသတွင်းမှာ ဆောင်းသီးနှံအဖြစ် စိုက်ထားတဲ့ ကြက်ဟင်းခါးသီးတွေထွက်ရှိနေပြီး အထွက်နှုန်းလည်းကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သလို အထွက်နှုန်းလည်း ကောင်းမွန်တာတွေ့ရပါတယ်" ဟုဎင်းကပြောသည်။

ရေကြည်မြို့နယ်မှစိုက်ပျိုးထွက်ရှိသော ကြက်ဟင်းခါးသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ပန်းတနော်၊ မအူပင် စသည့် ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ပခုက္ကူမြို့ရှိ ဝါဈေးနှုန်းဈေးကွက်နှင့်ရောင်းချမှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဝါသီးနှံကို ကံတော်၊ ကံလှ၊ ကံတိန်၊ ကံရက်၊ ကံမြင့်ကုန်း၊ မြိုင်နှင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ အဓိက စိုက်ပျိုးကြသည်။

ထွက်ရှိသော ဝါ များကို ပခုက္ကူမြို့ပေါ်သို့ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ပခုက္ကူမြို့ ဝါ စိုက်ဧကမှာယခင်က ၅၀၀၀ မှ၆၀၀၀ ရှိခဲ့ပြီးယခုအခါတွင် စိုက်ဧက ၂၅၀၀ ဝန်းကျင်ခန့်သာ စိုက်ပျိုးကြောင်းသိရသည်။

ဝါ စိုက်ပျိုးရာတွင်အဓိက ချည်မျှင်ရှည်ဝါနှင့်ချည်မျှင်တိုဝါများကို စိုက်ပျိုးကြသည်။ ဝါစတင်ပေါ်စတွင်အစေ့ပါ တစ်ပိ သာလျှင် ကျပ် ၄၀၀၀ ဖြစ်ခဲ့ပြီး တစ်နေ့လျှင်ကုန်ချိန် ၃၀ မှ ၅၀ ထိဝင်ရောက်လျက်ရှိကြောင်း ဝါ ကုန်သည်များထံက သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်မှ ထွက်ရှိသောဝါများကို မန္တလေးတိုင်းဒေသကြီးနှင့် သရက်၊ အောင်လံခရိုင်များသို့လည်း တင်ပို့ရောင်းဝယ်လျက်ရှိသည်။ ယခုဇန်နဝါရီလ အစောပိုင်းတွင် ဝါ ဝင်ရောက်မှုမှာ အလွန်နည်းပါးကြောင်း၊ ဈေးနှုန်းအနေဖြင့် ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ကျပ် ၃၈၀၀-၃၉၀၀၊ ချည်မျှင်တိုဝါ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ ရှိပြီး ဝါကြိတ် ဖတ်တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ဝါစေ့တစ်ပိဿာလျှင် ကျပ်၂ ၃၀၀၊ ဝါဂွမ်းတစ်ပိဿာလျှင်ကျပ် ၁၁,၀၀၀၊ ဝါစေ့ဆီတစ်ပိဿာလျှင် ကျပ် ၈၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ဇန်နဝါရီလပထမပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ဝါဝင်ရောက်မှုမှာ နည်းပါးနေကြောင်း ဝါကုန်သည်များထံက သိရသည်။

**Source : DOCA(မကွေး)**

## အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ တရားမဝင်မြေပဲတင်သွင်းမှုများကို အရေးယူနှိမ်နင်း

အင်ဒိုနီးရှားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များအား တရားမဝင်မှောင်ခိုတင်သွင်းမှုကို အကြီးစားနှိမ်နင်းမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး Tanjung Balai Karimun ဆိပ်ကမ်းတွင် အနည်းဆုံးသင်္ဘော ၁၀ စီးကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။

အဆိုပါဖမ်းဆီးရမိသော ကုန်စည်များတွင် ဆန်တန်ချိန် ၁ ဒသမ ၄၅ သန်း၊ သကြားနှင့်ဟင်းခတ်အမွှေးအကြိုင်အမြောက်အမြားနှင့် မြေပဲတန်ချိန် ၁,၇၀၀ ခန့်ပါဝင်ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံမှ တင်ပို့သူများသည် ကုန်သွယ်မှုကန့်သတ်ချက်များကို ရှောင်လွှဲလျက်ရှိကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့အရေးယူနှိမ်နင်းမှုများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှမြေပဲတင်သွင်းမှုကိုမှိုဆိပ် (Aflatoxin) ပါဝင်မှုနှုန်းမြင့်မားခြင်းကြောင့် ယခင်က ဆိုင်းငံ့ထားခဲ့ပြီး နောက်ပိုင်းတွင် တစ်သန်းပုံ ၁၅ ပုံ(15 PPB)ဟူသော တင်းကျပ်သည့်ကန့်သတ်ချက်ဖြင့် သာပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် အိန္ဒိယတင်ပို့သူများသည် ရာသီမဟုတ်ဘဲမိုးရွာသွန်းမှုကြောင့် သီးနှံများပျက်စီးခဲ့ရသဖြင့် အဆိုပါစံနှုန်းများကို လိုက်နာရန် ခက်ခဲလာသောကြောင့် တရားမဝင်လမ်းကြောင်းများကို ပြောင်းလဲအသုံးပြုခဲ့ကြကြောင်း သိရသည်။

မှောင်ခိုတင်သွင်းသူများသည် မလေးရှားနိုင်ငံရှိ ကလန်းဆိပ်ကမ်း(Port Klang)မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၏ ဒူမိုင်းဆိပ်ကမ်း(Dumai port)သို့ကုန်တင်တွဲသင်္ဘော(Barge)များအသုံးပြု၍ပို့ဆောင်နေကြကြောင်းသိရသည်။

ကုန်သွယ်မှုဆိုင်ရာအချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသို့ မြေပဲတင်ပို့မှု သိသိသာသာကျဆင်းသွားသော်လည်း မလေးရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တန်ချိန် ၆,၀၀၀ မှ တန်ချိန် ၁၅,၈၀၀ အထိမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။

နိုဝင်ဘာလတစ်လတည်းတွင်ပင် တရားဝင်လမ်းကြောင်းမှ ကွန်တိန်နာ ၈၀ သာဝင်ရောက်ခဲ့သော်လည်း တရားမဝင်လမ်းကြောင်းမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ကွန်တိန်နာ ၈၂၅ လုံးဝင်ရောက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့တရားမဝင်ကုန်စည်များအလုံးအရင်းဖြင့် ဝင်ရောက်လာမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းကုန်စည်ဈေးနှုန်းများကျဆင်းသွားခဲ့ကြောင်းသိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ပို့ကုန်များကို အားသာချက်ရရှိစေရန်အတွက် အိန္ဒိယနိုင်ငံ၏ထွက်ကုန်များအပေါ် အရည်အသွေးဆိုင်ရာစံနှုန်းများကို တင်းကျပ်ရန် အာဆီယံနိုင်ငံများအား ဖိအားပေးနေသည်ဟု သတင်းများထွက်ပေါ်နေသဖြင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးလာကြောင်းနှင့် အဆိုပါအကြောင်းအရင်းကြောင့် ထိုင်းနိုင်ငံသည်လည်း အိန္ဒိယမြေပဲတင်သွင်းမှုကို ဆိုင်းငံ့ထားခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံ၏မြေပဲတင်ပို့မှု စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကျော်ရှိသော ဈေးကွက်တစ်ခုဖြစ်သဖြင့် ယခုအခြေအနေသည် စီးပွားရေးအရကြီးမားသော ထိုးနှက်ချက်တစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

**Source: The Hindu Businessline, Indonesia cracks down on illegal Indian groundnut imports, January 20, 2026.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့)**

## အိန္ဒိယကော်ဖီတင်ပို့မှုပမာဏလျော့ကျသော်လည်း ပို့ကုန်တန်ဖိုး ၂၂ ဒသမ ၅၀ ရာခိုင်နှုန်းမြင့်တက်

၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ပမာဏအားဖြင့် ၄ ဒသမ ၄၇ ရာခိုင်နှုန်းလျော့ကျကာ တန်ချိန် ၃ ဒသမ ၈၄ သိန်းသာရှိခဲ့သော်လည်း ပို့ကုန်တန်ဖိုးမှာမူ ၂၂ ဒသမ ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂,၀၅၈ ဒသမ ၀၆ သန်း အထိ ရရှိခဲ့ကြောင်း ကော်ဖီဘုတ်အဖွဲ့(Coffee Board)၏ အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီတင်ပို့မှုပမာဏမှာ တန်ချိန် ၄ ဒသမ ၀၂ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် လျော့ကျသွားခြင်းဖြစ်သော်လည်း တစ်တန်ချင်းစီ၏ပျမ်းမျှရရှိသည့် တန်ဖိုး(Unit value realisation)မှာ ၂၀၂၄ ခုနှစ်က တစ်တန်လျှင် ရူပီး ၃ ဒသမ ၄၈ သိန်းသာရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ရူပီး ၄ ဒသမ၆၅ သိန်းအထိ ပိုမိုမြင့်မားလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကော်ဖီထုတ်လုပ်မှုတွင်အဆင့် ၇ ရှိပြီး တင်ပို့မှုတွင် အဆင့် ၅နေရာတွင် ရပ်တည်နေသည့် နိုင်ငံဖြစ်သည်။

အိန္ဒိယကော်ဖီဘုတ်အဖွဲ့၏အချက်အလက်များအရ အာရေးဗီးကား(Arabica) ကော်ဖီအမျိုးအစားတင်ပို့မှုမှာ သိသိသာသာလျော့ကျခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က အာရေးဗီးကား တန်ချိန် ၄၄,၃၁၅ တင်ပို့ခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း တန်ချိန် ၁၅,၆၀၇ သာ တင်ပို့နိုင်ခဲ့သဖြင့် ၆၅ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့သည်။

အိန္ဒိယကော်ဖီကို အဓိကတင်ပို့သည့် ထိပ်တန်းနိုင်ငံသုံးနိုင်ငံမှာ အီတလီ၊ ရုရှားနှင့်ဂျာမနီတို့ဖြစ်ကြသည်။ ၂၀၂၅ ခုနှစ်အတွင်း အီတလီနိုင်ငံသို့ တန်ချိန် ၆၀,၆၈၈၊ ရုရှားနိုင်ငံသို့ တန်ချိန် ၃၁,၅၀၅ နှင့် ဂျာမနီနိုင်ငံသို့ တန်ချိန် ၂၈,၈၄၀ အသီးသီး တင်ပို့ခဲ့ကြောင်း သိရသည်။

**Source: India's 2025 coffee exports rise 22.50% in value terms: volumes fall 4.47 % , The Economic Times, Jan 22, 2026.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (27.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Jan. 2026

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 8,865 (Shares) | 19,022,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,500 | 8,400 | 115 | 967,200 | 33,109,694 | 278,121 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 137 | 513,750 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 58 | 469,800 | 10,400,986 | 84,248 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 37 | 103,600 | 29,664,613 | 83,061 |
| TMH | 00005 | 3,200 | -50 | -1.54% | 3,250 | 3,350 | 3,200 | 41 | 136,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,600 | 6,205 | 9,928,000 | 19,977,223 | 31,964 |
| AMATA | 00007 | 4,100 | -100 | -2.38% | 3,900 | 4,100 | 3,900 | 10 | 40,400 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 2,262 | 6,863,100 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 27th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 413.56 | -3.19 | -0.77% | 412.16 | 416.34 | 412.16 | 8,865 | 19,022,050 | 8 | 780,057 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 8,961 (Shares) | 19,481,950 (MMK) |

### Main Board

As of 1:00 pm, 27th Jan. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,865 (Shares) | 19,022,050 (MMK) |

| MYANPIX | 413.56 ▼ 3.19 |
|---|---|
| Total Volume (shares) | 8,865 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 780,057 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,200 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,050 | ▲ 0 |

TIR